# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၂)                ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၄ ရက်

**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | ရေချိုငါးလုပ်ငန်းဥပဒေကိုရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်းခြင်း။ | ၄-၅ |
| ၃။ | ဘေးအန္တရာယ်ရှိ သဘော်သုတ်ဆေးစနစ်များအား ထိန်းချုပ်ခြင်းဆိုင်ရာ ညွှန်ကြားချက်နှင့်စပ်လျဉ်းသည့်သတင်းစဉ်။ | ၆-၇ |
| ၄။ | ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာအဖွဲ့အစည်း။ | ၈-၁၀ |
| ၅။ | သက်သေကာကွယ်ခြင်းအစီအစဉ်။ | ၁၁-၁၄ |
| ၆။ | အိန္ဒိယနိုင်ငံတွင်အငြင်းပွားမှုများကိုစေ့စပ်ဖြေရှင်းခြင်းနည်းလမ်းအသုံးပြု၍ ဖြေရှင်းနိုင်ရေးအတွက်ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန်ဆောင်ရွက်လျက်ရှိခြင်း။ | ၁၅-၁၆ |
| ၇။ | စင်ကာပူနိုင်ငံက အနှစ် ၂၀နီးပါးအတွင်းပထမဆုံးအကြိမ်အဖြစ်အမျိုးသမီး ကိုမူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုဖြင့်ကွပ်မျက်ခဲ့သည့်သတင်းစဉ်။ | ၁၇-၁၈ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက် **စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ၁ ခု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှထုတ်ပြန်သည့် ပြည်တွင်းတွင်ထုတ်လုပ်သော ကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြုခြင်း အမိန့်ကြော်ငြာစာကိုပြင်ဆင်ခြင်း၊ အခွင့်အာဏာအပ်နှင်းခြင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်၊ အွန်လိုင်း စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့် စသည့် အမိန့်ကြော်ငြာစာ ၄ ခု နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကထုတ်ပြန်သည့်ကုန်စည်များအား ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်တွင်း၌ဝယ်ယူရောင်းချခြင်းတို့အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုခြင်း အမိန့်ကြော်ငြာစာ ၁ ခုတို့ကို **အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။**

ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ်၊ ၄/၂၀၂၃ ဖြင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ အရ ကိုဗစ်-၁၉ (Coronavirus Disease 2019) ကပ်ရောဂါကြောင့် နိုင်ငံတော်၏စီးပွားရေးအပေါ်သက်ရောက်မှုများကို ကုစားပေးနိုင်ရန်နှင့် စီးပွားရေးပြန်လည် ဦးမော့ လာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက် ဖြင့် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ (Battery Electric Vehicles-BEVs)ဖြစ်သည့် **သုံးဘီးတပ်ယာဉ် များ** (Three-wheeled Vehicles)၊ **နှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ်** (Electric Motorcycle)၊ **နှစ်ဘီးတပ်လျှပ်စစ်စက်ဘီး** (Electric Bicycle)၊ ဘက်ထရီလျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်း များဖြစ်သည့် Traction Battery Pack ၊ Electric Traction Motor၊ Battery Management System (BMS)၊ Drive Control Unit (DCU) ၊ DC-DC Converter၊ Electrical Circuit Breaker For EV or

Disconnect Parts စသည့် ဆက်စပ်ပစ္စည်း (၁၆) မျိုးနှင့် အားသွင်းရုံဆိုင်ရာပစ္စည်းများနှင့် အားသွင်းစနစ်ဆိုင်ရာပစ္စည်းများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်တွင်း၌ ဝယ်ယူရောင်းချခြင်းတို့အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုလိုက်ခြင်းဖြစ်၍ Battery လျှပ်စစ်သုံးယာဉ်များတင်သွင်းသည့်ကုမ္ပဏီများနှင့် အများပြည်သူများ ဝင်ရောက်ဖတ်ရှုသင့်သည့်အမိန့်ကြော်ငြာစာဖြစ်ပါသည်။

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## ရေချိုငါးလုပ်ငန်းဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ ပြဋ္ဌာန်းခြင်း

ရေချိုငါးလုပ်ငန်းဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်-၁/၁၉၉၁ ဖြင့် ၄-၃-၁၉၉၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၇-၇-၂၀၂၃ ရက်နေ့တွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်-၅၃/၂၀၂၃ဖြင့် ရေချိုငါးလုပ်ငန်းဥပဒေကိုရုပ်သိမ်းသည့်ဥပဒေပြဋ္ဌာန်း၍ ရုပ်သိမ်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၉-၅-၂၀၀၈ ရက်နေ့တွင် ကြေညာချက်အမှတ်-၇/၂၀၀၈ ဖြင့် အတည်ပြုပြဋ္ဌာန်းပြီးနောက် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) ပုဒ်မ ၄၄၁ အရ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်အစည်းအဝေးစတင်ကျင်းပသည့် ၃၁-၁-၂၀၁၁ ရက်နေ့ နိုင်ငံတော် တစ်ဝန်းလုံး၌ အာဏာတည်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)အရ နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသို့ ခွဲဝေအပ်နှင်းထားရာ ရေချိုငါးလုပ်ငန်းအတွက် ဥပဒေပြုခွင့်သည် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)၊ ဇယား ၂၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(စ)အရ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင်ရှိသည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေချိုငါးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းခဲ့ကြပါသည်။

ယခုအခါ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များအတွက် ရေချိုငါးလုပ်ငန်းဥပဒေများကို ဒေသအလိုက်အသီးသီး ပြဋ္ဌာန်းခဲ့ကြပြီးဖြစ်သည့်အပြင် ယင်းဥပဒေများသည် အာဏာတည်ပြီးသဖြင့် ၄-၃-၁၉၉၁ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၁ ဖြင့် ပြဋ္ဌာန်းခဲ့သည့် ရေချိုငါးလုပ်ငန်းဥပဒေသည် ဆက်လက်ကျင့်သုံးရန် မလိုအပ်

တော့၍ ယင်းဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၃/၂၀၂၃ ဖြင့် ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ပြဋ္ဌာန်းပြီး ရုပ်သိမ်းခဲ့ခြင်းဖြစ်ပါသည်။

ဥပဒေများစိစစ်ရေးဆွဲရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## ဘေးအန္တရာယ်ရှိ သင်္ဘောသုတ်ဆေးစနစ်များအား ထိန်းချုပ်ခြင်းဆိုင်ရာညွှန်ကြားချက်နှင့် စပ်လျဉ်းသည့် သတင်းစဉ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသင်္ဘောသုတ်ဆေးစနစ်များအား ထိန်းချုပ်ခြင်းဆိုင်ရာညွှန်ကြားချက်ကို မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ-၂၉၄-ခ၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၁/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယင်းညွှန်ကြားချက်အရ မည်သည့်နေရာဒေသတွင်မဆိုရှိနေသော မြန်မာသင်္ဘောများ၊ မြန်မာအလံလွှင့်ထူမထားသော်လည်း နိုင်ငံတော်၏ အခွင့်အာဏာဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် သင်္ဘောများ၊ မြန်မာနိုင်ငံဆိပ်ကမ်း၊ သင်္ဘောကျင်း၊ ကမ်းလွန်ဆိပ်ကမ်း သို့မဟုတ် မြန်မာ့ရေပြင်အတွင်းရှိ သင်္ဘောများသည် ယင်းညွှန်ကြားချက်နှင့် သက်ဆိုင်ကြောင်းနှင့် ညွှန်ကြားချက် အပိုဒ် ၁ အပိုဒ်ခွဲ (ခ) ပါ သင်္ဘောများသည် သက်ဆိုင်ခြင်းမရှိကြောင်း သိရသည်။

ယင်းညွှန်ကြားချက်နှင့်သက်ဆိုင်သည့် သင်္ဘောများ၏ပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ သင်္ဘောလုပ်ငန်းဆောင်ရွက်သူများ၊ မန်နေဂျာများ၊ တိုင်းတာစစ်ဆေးရေးမှူးများ၊ အသိအမှတ်ပြုအဖွဲ့အစည်းများနှင့်နိုင်ငံခြားသင်္ဘောများသည်ဘေးအန္တရာယ်ရှိသင်္ဘောသုတ်ဆေးစနစ်များအားထိန်းချုပ်ခြင်းနှင့် စပ်လျဉ်း၍ ၂၀၀၁ခုနှစ်၊ ဘေးအန္တရာယ်ရှိသင်္ဘောသုတ်ဆေးစနစ်များအားထိန်းချုပ်ခြင်းနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၊ ယင်းကွန်ဗင်းရှင်း၏ ဆုံးဖြတ်ချက် အမ်အီးပီစီ ၃၃၁ (၇၆)၊ ၃၅၆ (၇၈)၊ ၃၅၇ (၇၈)၊ ၃၅၈ (၇၈) တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ ယင်းသင်္ဘောများသည် ရေမျက်နှာပြင်အောက် နစ်မြုပ်နိုင်သည့် ပြင်ပကိုယ်ထည် မျက်နှာပြင်ဧရိယာများတွင် ဘေးအန္တရာယ်ရှိသင်္ဘောသုတ်ဆေးစနစ်များ အား အသုံးမပြုရကြောင်း၊ ယင်းညွှန်ကြားချက်

ထုတ်ပြန်သည့်နေ့ရက်နောက်ပိုင်း တည်ဆောက်သည့် သို့မဟုတ် အစောဆုံးလွှန်းကျင်းတင်ပြင်ဆင်သည့် နေ့ရက်မှစ၍ လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်းသိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းအမိန့်နှင့်ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာအဖွဲ့အစည်း (The Organization for the Prohibition of Chemical Weapons - OPCW) က ချီးမြှင့်မည့် The Hague Award 2023

ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာအဖွဲ့အစည်း (The Organization for the Prohibition of Chemical Weapons - OPCW) သည် ၁၉၉၇ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် စတင်အာဏာသက်ရောက်ခဲ့သည့် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention - CWC) ကို အကောင်အထည်ဖော်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အစိုးရအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းတစ်ရပ်လည်းဖြစ်ပါသည်။ ယင်းအဖွဲ့အစည်းသည် နယ်သာလန်နိုင်ငံ၊ သည်ဟိဂ်မြို့တွင်တည်ရှိပြီး လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိပါသည်။ OPCW ၏အဓိကရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝှမ်းတွင် ဓာတုလက်နက်များထာဝရ ကင်းစင်ရန်၊ နိုင်ငံတကာလုံခြုံရေးနှင့် တည်ငြိမ်ရေးကို အထောက်အကူပြုရန်၊ အပြီးသတ်လက်နက်ဖျက်သိမ်းရန်နှင့် တစ်ကမ္ဘာလုံးဆိုင်ရာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်တို့ဖြစ်ပါသည်။ OPCW သည် ဓာတုလက်နက်များပပျောက်ရေးတွင် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်မှုများကြောင့် ၂၀၁၃ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်ဆု ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် OPCW အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ရက်နေ့တွင် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ကို အမိန့်ကြော်ငြာစာအမှတ် ၃၄၁/၂၀၂၁ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါအဖွဲ့ကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၂၃ ဦးဖြင့် ဖွဲ့စည်းထားပါသည်။

ယခုအခါ OPCW အဖွဲ့အစည်းသည် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် OPCW - The Hague Award 2023 open for nomination အတွက် အဖွဲ့ဝင်နိုင်ငံများအား ဖိတ်ခေါ်ခဲ့ပါသည်။ Nomination Form ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ နောက်ဆုံးထား၍ online မှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှ ဒီဇင်ဘာလ ၁ ရက်နေ့အထိ သည်ဟိဂ်မြို့

တွင်ကျင်းပမည့်အဆိုပါအဖွဲ့အစည်း၏ နှစ်စဉ်ညီလာခံတွင် OPCW - The Hague Award 2023 ဆုပေးပွဲအခမ်းအနား ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။ အမည်စာရင်းတင်သွင်းခွင့်ရှိသူများမှာ -

(က) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်နိုင်ငံများ၏အစိုးရအဖွဲ့အစည်းများ၊

( ခ ) OPCW ၏ အမြဲတမ်းကိုယ်စားလှယ်များ၊

( ဂ ) အစိုးရအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်သောအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ၊

(ဃ) ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊

( င ) လူမှုရေးအဖွဲ့အစည်းများ၊

( စ ) ယခင် ဆုရရှိဖူးသူများ၊

(ဆ) ဓာတုဗေဒဆိုင်ရာအဖွဲ့အစည်း တို့ဖြစ်ပါသည်။

The Hague Award အတွက် ရွေးချယ်ခံပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် ဓာတုလက်နက်များ ပြန်လည်ပေါ်ပေါက်ခြင်းမရှိစေရန် ကာကွယ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာနိုင်ငံအလိုက် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အား အကောင်အထည်ဖော်မှုတွင် ပံ့ပိုးပါဝင်ခြင်း၊ ဓာတုပစ္စည်းများအား ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် အသုံးပြုခြင်းကို မြှင့်တင်ဆောင်ရွက်ခြင်း၊ ဓာတုပစ္စည်းအသုံးပြုပြီးအကြမ်းဖက်လုပ်ငန်းများဆောင်ရွက်မည့်အန္တရာယ်ကို ဟန့်တားခြင်း၊ ဓာတုပစ္စည်းများကြောင့်ဖြစ်ပွားသော မတော်တဆဖြစ်စဉ်များနှင့် အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ကို ကမ္ဘာနှင့်အဝန်း သိမြင်နားလည်လာကြစေရန် မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ဓာတုလက်နက်ကြောင့် ထိခိုက်နစ်နာခဲ့ရသူများ

အားပံ့ပိုးကူညီခြင်းစသည့် နယ်ပယ်တစ်ခု သို့မဟုတ် နယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ဖူးသူ ဖြစ်ရမည်ဟူ၍ ဖော်ပြပါရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ OPCW - The Hague Award 2023 တွင် အမည်စာရင်းတင်သွင်းမည်ဆိုပါက ဓာတုလက်နက်ကင်းစင်သည့်နိုင်ငံအဖြစ် နိုင်ငံတကာကို သက်သေပြနိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်ပြီး တစ်ကမ္ဘာလုံးဓာတုလက်နက် လုံးဝကင်းရှင်းစေရေး လုပ်ငန်းစဉ်ကြီးတွင်လည်း အပြည့်အဝပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဒေါ်အေးသီခိုင်
လက်ထောက်ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

Source:

(1) The Organization for the Prohibition of Chemical Weapons, https://www.opcw.org/

(2) OPCW- The Hague Award 2023,https://www.opcw.org/media-centre/news/2023/06/opcw-hague-award-2023-open-nominations

(3) OPCW- The Hague Award Call for nomination, https://www.opcw.org/opcw-hague-award-call-nominations

(4) Myanmar Law Information System, https://www.mlis.gov.mm/mLsView.do;jsessionid=2888F12A4E41A3E6D12B26A079BF9D31?lawordSn=17183

## သက်သေကာကွယ်ခြင်းအစီအစဉ်[1]

သက်သေအကာအကွယ်ပေးခြင်းဆိုသည်မှာ တရားရုံးမှ အမှုစစ်ဆေးနေချိန်တွင် သက်သေထွက်ဆိုမည့်သူအား ရဲတပ်ဖွဲ့မှ ပုံမှန်အားဖြင့် ရုံးချိန်း မတိုင်မီ၊ ရုံးချိန်း အတွင်းနှင့် ရုံးချိန်းအပြီးတွင် သက်သေများကို အမှုသည်များ၏ခြိမ်းခြောက်ခံရခြင်းမှ အကာအကွယ်ပေးထားခြင်းဖြစ်သည်။ သက်သေတစ်ဦးကို ရုံးချိန်းမပြီးမချင်းအကာအကွယ်ပေးရန် လိုအပ်သော်လည်း အချို့သောသက်သေများသည် အစိုးရ၏အကာအကွယ်အောက်တွင် ၎င်းတို့၏ကျန်ဘဝတစ်လျှောက်လုံး အသက်ရှင်ရပ်တည်၍နေနိုင်သည့်အခွင့်အရေးများရှိပါသည်။ သက်သေကာကွယ်ခြင်းသည် အမှုစစ်ဆေးစီရင်စဉ်အတွင်း သက်သေကို ရာဇဝတ်ဂိုဏ်းအဖွဲ့အစည်းများ၏ အန္တရာယ်မှ ကာကွယ်၍ စစ်ဆေးနိုင်ရန် လိုအပ်ပြီး တရားဥပဒေစိုးမိုးရန်အလို့ငှာ သက်သေများ၏ခြိမ်းခြောက်ခြင်းခံရမည့် အန္တရာယ်မှ အကာအကွယ်ပေးနိုင်ရန် လိုအပ်ပါသည်။ သက်သေကာကွယ်ခြင်း လုပ်ငန်းစဉ်ကို စစ်ရာဇဝတ်မှု၊ သူလျှိုလုပ်မှုနှင့် အမျိုးသားလုံခြုံရေးနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ စစ်ဆေးမှုများတွင်လည်း အသုံးပြုကြပါသည်။

သက်သေကာကွယ်ရေးအစီအစဉ်သည် ကြီးလေးသောရာဇဝတ်မှုများတွင် သက်သေများကို ကိုယ်ထိလက်ရောက်ထိခိုက်နာကျင်စေမှုနှင့် ခြိမ်းခြောက်မှုတို့မှကာကွယ်ပေးသည့်ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ ယင်းသက်သေကာကွယ်ခြင်းအစီအစဉ်အောက်တွင်ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးအပြင်ကိုယ်ရေးအချက်အလက်ဆိုင်ရာအထောက်အထားအသစ်နှင့် နေထိုင်နိုင်ရန်အတွက် နေရာထိုင်ခင်း ကိုလည်းပေးအပ်မည်ဖြစ်သည်။ ဤအစီအစဉ်သည် ခြိမ်းခြောက်ခံရသည့် မျက်မြင်သက်သေများနှင့် ၎င်းနှင့်ပတ်သက်နီးစပ်သော မိသားစုဝင်များအတွက် အကျိုးဝင်ပါသည်။ အဆိုပါအစီအစဉ်တွင် ပါဝင်သူများ

[1]. Mc Mahon, What is the witness protection program? (last modified, July 09, 2023) https://www.unitedstatesnow.org/what-is-the-witness-protection-program.htm
. Dr.JARROD SADULSKI , The Witness Protection: Realities and Requirements https://amuedge.com/the-witness-protection-program-realities-and-requirements/

သည် တရားစွဲဆိုခြင်းမှ ရှောင်ရှားရန်အစိုးရနှင့် ညှိနှိုင်းထားသော ရာဇဝတ်သားဟောင်း များလည်း ပါဝင်ကြပါသည်။

သက်သေကာကွယ်ခြင်းအစီအစဉ်အတွက် ပါဝင်ရန် သက်သေသည် ကြီးလေးသောရာဇဝတ်မှုနှင့်ပတ်သက်သောသက်သေအထောက်အထားများကိုပေးနိုင်ရမည်ဖြစ်သည်။ သက်သေသည် ၎င်း၏ ထွက်ဆိုချက်ကြောင့် အသက်အန္တရာယ်ကျရောက်နေသည်ဟုယူဆပါက အကာအကွယ်ပေးမည် ဖြစ်ပြီးလိုအပ်ပါကမိသားစုဝင်များကိုလည်းအကာအကွယ်ပေးပါသည်။ သက်သေတစ်ဦးကိုကာကွယ် ပေးခြင်းသည် အလွန်အကုန်အကျများသောကြောင့် အသတ်ခံရမည် သို့မဟုတ် ခြောက်လှန့်ခံရမည် စသည့် ခြိမ်းခြောက်ခံမှုမျိုးဖြစ်ရပါမည်။

အမေရိကန်နိုင်ငံ၏ ၁၉၇၀ခုနှစ်၊ရာဇဝတ်မှုထိန်းချုပ်ရေးအက်ဥပဒေတွင် သက်သေကာကွယ် ရေးအစီအစဉ်ကို တည်ထောင်ရန် ပြဋ္ဌာန်းချက်ပါရှိပြီး ပုံမှန်အားဖြင့် သက်သေများကို အကာအကွယ် ပေးရန်လျှောက်ထားနိုင်သော်လည်း နိုင်ငံတော်ရှေ့နေချုပ်မှ သက်သေတစ်ဦးကိုသာလျှင် နောက်ဆုံး ရွေးချယ်ပေးပါသည်။ ယင်းအစီအစဉ်အရ အကာအကွယ်ပေးရာတွင် သက်သေနောက်တစ်ကြိမ် ရာဇဝတ်မှုထပ်မံ မကျူးလွန်သေးသမျှကာလပတ်လုံး တစ်သက်တာ အကာအကွယ်ပေးထားပါသည်။

သက်သေကာကွယ်ရေးအစီအစဉ်သည် လူတစ်ဦးချင်းစီအား ကိုယ်ရေးအချက်အလက်အသစ် များဖြင့် ကိုယ်ပိုင်ဘဝရရှိစေခြင်း တရားခွင်စစ်ဆေးမှုအပြီးတွင် သက်သေများကို နေရာအသစ်သို့ ပြောင်းရွှေ့ပေးခြင်း၊ သက်သေအနေဖြင့် အလုပ်အသစ်မတွေ့ရှိမီအထိ ၎င်း၏လူမှုဘဝနေထိုင်မှု အတွက် စရိတ်အနည်းငယ်နှင့် အခြားအကူအညီများကိုလည်း လိုအပ်သလို ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးပါသည်။ သက်သေအား နေရာသစ်သို့ပြောင်းရွှေ့ပေးသည့်အခါ ပြစ်မှုကျူးလွန်ခဲ့ခြင်း ရှိခဲ့ပါက ဒေသဆိုင်ရာဥပဒေအရာရှိများအား အကြောင်းကြား၍ သက်သေအား စောင့်ကြည့်ခြင်း လည်းပြုလုပ်ပါသည်။ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှု၊အလုပ်အကိုင်လေ့ကျင့်ရေးနှင့် အလုပ်အကိုင် အကူအညီများအတွက် ရန်ပုံငွေပံ့ပိုးပေးခြင်းများလည်း ပါဝင်ပါသည်။

အစီအစဉ်တွင်ပါဝင်သည့် သက်သေအား ၎င်း၏မွေးရပ်မြေသို့ ပြန်ခွင့်မပြုသည့်အပြင် အသိမိတ်ဆွေများနှင့်ဆက်သွယ်ရန်ခွင့်မပြုပေ။ စည်းကမ်းမလိုက်နာမှုကြောင့် သက်သေများအား အသတ်ခံခဲ့ရခြင်းများလည်း ရှိခဲ့ပါသည်။

U.S. Marshals Service ၏ အဆိုအရ ၁၉၇၀ ခုနှစ် ရာဇဝတ်မှု ထိန်းချုပ်ရေးအက်ဥပဒေတွင် သက်သေကာကွယ်ရေး အစီအစဉ်ကို အာဏာပိုင်များကခွင့်ပြုထားသည်။ အစီအစဉ် စတင်ချိန်မှစ၍ ဖက်ဒရယ်စစ်ဦးစီးချုပ်များသည် သက်သေ ၁၉၀၀၀ ကျော်နှင့် ၎င်းတို့၏ မိသားစုများအတွက် ကာကွယ်ပေးနိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများ၊ အကြမ်းဖက်သမားများနှင့် ရာဇဝတ်မှုကျူးလွန်သူများကို ဆန့်ကျင်ထွက်ဆိုသူများနှင့် ၎င်းတို့၏မိသားစုများသည် ရာဇဝတ်ဂိုဏ်းသားများ၏ ပစ်မှတ်ဖြစ်လာသည်။

သက်သေကာကွယ်ရေးအစီအစဉ်တွင် ပါဝင်ခဲ့သူပုဂ္ဂိုလ်နှင့် ၎င်းတို့၏ မိသားစုများသည် အစီအစဉ်၏ လမ်းညွှန်ချက်အတိုင်းလိုက်နာခဲ့ပြီး ဖက်ဒရယ်စစ်ဦးစီးချုပ်၏ အကာအကွယ်အောက်တွင် ရှိနေစဉ်တွင် မည်သူတစ်ဦးတစ်ယောက်မျှထိခိုက်မှု သို့မဟုတ် သေဆုံးမှုမရှိခဲ့ကြောင်း U.S. Marshals Service မှ အစီရင်ခံခဲ့ပါသည်။

United States Now ၏ အဆိုအရ ဤအစီအစဉ်တွင် သက်သေများ၏ ၁၇% သာ ပြစ်မှုပြန်လည်ကျူးလွန်မှုများရှိပါသည်။သက်သေကာကွယ်ရေးအစီအစဉ်အတွက် အရည်အချင်းပြည့်မီသူအများစုသည် လူအုပ်စု၊ ဂိုဏ်း သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်း၏ အဖွဲ့ဝင်ဟောင်းများဖြစ်ကြောင်း၊ ၎င်းတို့သည်ထောင်ဒဏ်များ လျှော့ပေါ့လိုခြင်း သို့မဟုတ် လွတ်ငြိမ်းသက်သာခွင့်ရလိုခြင်းများအတွက်အခြားရာဇဝတ်သားများအပေါ်ဆန့်ကျင်၍သက်သေခံရန် တစ်နည်းအားဖြင့် ဖော်ကောင်လုပ်ရန် သဘောတူခဲ့ခြင်းဖြစ်ကြောင်းမှတ်တမ်းများအရ ဖော်ထုတ်တွေ့ရှိခဲ့သည်။

သက်သေကာကွယ်ရေး အစီအစဉ်တွင် ပါဝင်သူများသည် စွန့်လွှတ်ရမှုများရှိပြီး အစီအစဉ်တွင် ပါဝင်ရန် ၎င်းတို့သည်မည်သူမည်ဝါဖြစ်ကြောင်း ကိုယ်ရေးအထောက်အထားများ ဆုံးရှုံးကာ ၎င်းတို့၏ ဘဝတစ်ခုလုံးကိုစွန့်လွှတ်ရမည်ဖြစ်သည်။ ထို့ကြောင့်သက်သေကာကွယ်ရေးအစီအစဉ်တွင် ပါဝင်ရန်

အရည်အချင်း ပြည့်မီသူများသည် ၎င်းတို့၏ဆုံးရှုံးနိုင်ခြေများ ၎င်းတို့၏ အသက်အန္တရာယ်အတွက် ခြိမ်းခြောက်မှုများကို ချိန်ဆရမည်ဖြစ်သည်။ သက်သေကာကွယ်မှုအစီအစဉ်သို့ ဝင်ရောက်ခြင်းသည် အသက်ဆက်ရှင်ရန်လိုအပ်သည့် လုံခြုံရေးကိုပေးသော်လည်း ဘဝအတွက် သိသာထင်ရှားသည့် ပြောင်းလဲမှုနှင့် ထာဝရပြောင်းလဲရမှုများ ဖြစ်လာနိုင်၍ ခက်ခဲသောဆုံးဖြတ်ချက် တစ်ရပ်လည်း ဖြစ်လာပါသည်။ ယင်းအစီအစဉ်တွင် စည်းမျဉ်းများကို လိုက်နာသူများအတွက် အောင်မြင်မှုနှုန်း မြင့်မားသော်လည်း၊ ပြစ်မှုကျူးလွန်သူများသည် သက်သေများကို ရှာဖွေသတ်ဖြတ်ရန် ခိုင်းစေသည့်အတွက် အဆိုပါအစီအစဉ်တွင်ပါဝင်သောသက်သေများအနေဖြင့်အသက်အန္တရာယ်ရှိနေမည်ဖြစ်ရာ သက်သေများကို ကောင်းမွန်စွာ ကာကွယ်ရမည်ဖြစ်သည်။

ဒေါ်အိဝင့်မျိုးငွေး
လက်ထောက်ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

## အိန္ဒိယနိုင်ငံတွင် အငြင်းပွားမှုများကို စေ့စပ်ဖြေရှင်းခြင်းနည်းလမ်းအသုံးပြု၍ ဖြေရှင်းနိုင်ရေး အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိခြင်း

စေ့စပ်ဖြေရှင်းခြင်းဆိုင်ရာဥပဒေ မူကြမ်း (၂၀၂၁) ကို လာမည့်ကာလအတွင်း အိန္ဒိယပါလီမန်တွင်ဆွေးနွေးရန်ဆောင်ရွက်လျှက်ရှိသည်။ ဤဥပဒေ(မူကြမ်း)သည် စေ့စပ်ဖြေရှင်းခြင်း (အွန်လိုင်း အပါအဝင်)နှင့် စေ့စပ်ဖြေရှင်းခြင်းနည်းလမ်းဖြင့် ဖြေရှင်းရာမှ ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုခြင်းစသည့်ပြဋ္ဌာန်းချက်များ ပါဝင်မည်ဖြစ်ပြီး သမရိုးကျ တရားစွဲဆိုခြင်းနည်းလမ်းအစား အခြားရွေးချယ်နိုင်သည့် နည်းလမ်းတစ်ရပ် ဖြစ်လာမည် ဖြစ်သည်။ ဥပဒေမူကြမ်းအရ စေ့စပ်ဖြေရှင်းခြင်းဆိုင်ရာနည်းလမ်းကို အသုံးပြု၍ တရားမမှုများနှင့် ကူသန်းရောင်းဝယ်ရေးဆိုင်ရာအငြင်းပွားမှုများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ စေ့စပ်ဖြေရှင်းခြင်းနည်းလမ်းဖြင့် အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ အတွင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သည်။

မကြာမီကာလအတွင်း အိန္ဒိယပါလီမန်တွင်ဆွေးနွေးမည့် စေ့စပ်ဖြေရှင်းခြင်းဆိုင်ရာဥပဒေ (မူကြမ်း) တွင် စေ့စပ်ဖြေရှင်းခြင်းဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စေ့စပ်ဖြေရှင်းခြင်းဆိုင်ရာ သဘောတူညီချက်၊ စေ့စပ်ဖြေရှင်းခြင်းမပြုလုပ်မီ ဆောင်ရွက်ရမည့်အချက်များ၊ စေ့စပ်ဖြေရှင်းခြင်းနည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် အငြင်းပွားမှုများ၊ တရားရုံး သို့မဟုတ် ခုံရုံး၏အခန်းကဏ္ဍ၊ စေ့စပ်ဖြေရှင်းခြင်း ဆိုင်ရာ ဆောင်ရွက်ပေးမည့်သူခန့်အပ်ခြင်း၊ လုပ်ထုံးလုပ်နည်း၊ စေ့စပ် ဖြေရှင်းရာမှ ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုခြင်း၊ အွန်လိုင်းအသုံးပြု၍ စေ့စပ်ဖြေရှင်းခြင်း၊ စေ့စပ်ဖြေရှင်း ခြင်းဆိုင်ရာကောင်စီ အစရှိသည့် အကြောင်းအရာများ ပါဝင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် စေ့စပ်ဖြေရှင်းခြင်းဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (The United Nations International Convention on Settlement for Mediation) တစ်နည်းအားဖြင့် စင်္ကာပူကွန်ဗင်းရှင်း (Singapore Convention)ကို ၂၀၁၉ ခုနှစ်တွင် လက်မှတ်ရေးထိုးပါဝင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ အထိ စင်္ကာပူကွန်ဗင်းရှင်းအား လက်မှတ်ရေးထိုးပါဝင်ထားသည့် နိုင်ငံစုစုပေါင်း ၅၆ နိုင်ငံ ရှိပြီဖြစ်ပြီး ယင်းတွင် ၁၁ နိုင်ငံသည် အတည်ပြုပါဝင်

ပြီးဖြစ်သည်။ စင်္ကာပူကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးထားသည့်နိုင်ငံသည် ယင်းကွန်ဗင်းရှင်းအားအကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံ၏ဥပဒေကျင့်သုံးမှုအပေါ်မူတည်၍ လိုအပ်ပါက ဥပဒေတစ်ရပ်ပြဋ္ဌာန်းရမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**Sources:**

https://www.deccanherald.com/opinion/first-edit/mediation-bill-2021-a-welcome-legislation-1241085.html

https://www.barandbench.com/news/mediation-bill-2021-passed-in-rajya-sabha

https://legalaffairs.gov.in/sites/default/files/mediation-bill-2021.pdf

https://treaties.un.org/Pages/ViewDetails.aspx?src=IND&mtdsg_no=XXII-4&chapter=22&clang=_en

https://www.singaporeconvention.org

## စင်ကာပူနိုင်ငံက အနှစ် ၂၀ နီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးကို မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုဖြင့် ကွပ်မျက်ခဲ့

စင်ကာပူနိုင်ငံက ၂၀၁၈ခုနှစ်တွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုဖြင့် တရားစွဲဆိုခဲ့သည့် အသက် ၄၅ နှစ်အရွယ် အမျိုးသမီးဖြစ်သော Saridewi Binte Djamani ကို ၂၈-၇-၂၀၂၃ ရက်နေ့ (သောကြာနေ့)က ကွပ်မျက်ခဲ့ပြီး နှစ်ပေါင်း ၂၀ နီးပါးအတွင်း အမျိုးသမီးတစ်ဦးကို ပထမဆုံး ကွပ်မျက်ခြင်းဖြစ်ပါသည်။

၂၀၁၆ ခုနှစ်တွင် လျှို့ဝှက်မူးယစ်ဆေးဝါးဝင်ရောက်ဖမ်းဆီးအပြီးတွင် စင်္ကာပူ အာဏာပိုင်များသည် Saridewi အား ဒိုင်ယာမော်ဖင်း ၃၀.၇၂ ဂရမ် ပါဝင်သည့် အထုပ်ခြောက်ထုပ်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင်အသုံးပြုသည့်ပိုက်တံများ လက်ဝယ်ထားရှိမှုဖြင့် တရားစွဲဆိုခဲ့သည်။ ၁၉၇၃ ခုနှစ် မူးယစ်ဆေးဝါးတလွဲအသုံးပြုခြင်းအက်ဥပဒေ(MDA)အရ လူတစ်ဦးတွင် ဒိုင်ယာမော်ဖင်း ၂ ဂရမ်ထက်ပိုမိုတွေ့ရှိပါက ဖြန့်ဝေရန် ရည်ရွယ်သည်ဟု မှတ်ယူပါသည်။ ဒိုင်ယာမော်ဖင်း ၁၅ ဂရမ် သို့မဟုတ် ထို့ထက်ပိုသော လက်ဝယ်ထားရှိသူသည် စင်ကာပူနိုင်ငံ ၏ဥပဒေအရ သေဒဏ်အထိ ချမှတ်ခံရနိုင်ပါသည်။

Saridewi က သူမသည် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းကို လုပ်ကိုင်နေကြောင်း ဝန်ခံခဲ့သော်လည်း ကြီးလေးသော ပြစ်ဒဏ်ကို ရှောင်ရှားရန် ၂၀၁၈ခုနှစ်တွင် တရားရုံးအမိန့်ကို အယူခံဝင်ခဲ့သည်။ သူမအဖမ်းခံရချိန်တွင် Saridewi က သူမသည် စိတ်ကျရောဂါ ခံစားနေရကြောင်းနှင့် စိတ်ရောဂါအထူးကုနှစ်ဦးကလည်း ၎င်း၏ထွက်ဆိုချက်ကိုထောက်ခံခဲ့ပါသည်။ ထိုရောဂါရှိသူသည် ရဲများ၏မေးခွန်းများကိုဖြေဆိုနိုင်စွမ်းအပေါ် သက်ရောက်မှုရှိသည့်အတွက် ထိုထွက်ဆိုချက်အပေါ် သက်သေအဖြစ် လက်ခံ၍ မရကြောင်း သူမက ငြင်းဆိုခဲ့ပါသည်။ Saridewi က သူ့ထံမှ တွေ့ရှိသည့် ဒိုင်ယာမော်ဖင်း ၁၅ ဂရမ်ကျော်မှာ ၎င်း၏ကျန်းမာရေးအတွက်ရည်ရွယ်သောကြောင့် Saridewi သည် စင်္ကာပူနိုင်ငံ ဥပဒေအရ ကွပ်မျက်ခြင်းမပြုသင့်ဟု အယူခံဝင်ခဲ့ပါသည်။

သို့သော်လည်း အယူခံတရားရုံးက အဆိုပါလျှောက်လဲတင်ပြချက်များကို ပယ်ချခဲ့ သည်။ Saridewi ၏ ယုံကြည်စိတ်ချရသော ထွက်ဆိုချက်များကို ပေးစွမ်းနိုင်မှုသည် သူမ၏ စိတ်ကျရောဂါနှင့်သက်ဆိုင်မှုမရှိကြောင်း တရားရုံးကကောက်ချက်ချခဲ့သည်။ ထို့အပြင် Saridewi သည်အမ်ဖက်တမင်းနှင့်ဘိန်းဖြူများကိုတလွဲအသုံးပြုသူဟုလူသိများသော်လည်း သူမသည်ဒိုင်ယာမော်ဖင်းသုံးစွဲမှုအတွက် လုံလောက်သော အထောက်အထားမပြနိုင်ခဲ့ကြောင်း တရားရုံးက ပြောဆိုခဲ့ပါသည်။ ဤသည်မှာ Saridewi သည် တရားရုံး၏သေဒဏ် စီရင်ချက်အပေါ် ကျိုးကြောင်းဆီလျော်စွာ ချေပခြင်းမပြုနိုင်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

Saridewi အမှုတွင် သေဒဏ်အသုံးပြုမှုကို လူ့အခွင့်အရေးအဖွဲ့များက ဝေဖန်ခဲ့ကြသည်။ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ကွပ်မျက်မှုကို ရပ်တန့်ရန် စင်္ကာပူကို တောင်းဆိုခဲ့သည်။

စင်္ကာပူဗဟိုမူးယစ်ဆေးဝါးဗျူရို (CNB) က မီဒီယာများ၏မေးမြန်းချက် အပေါ်တုံ့ပြန်သည့် ကြေငြာချက်တစ်ခုထုတ်ပြန်ခဲ့သည်။ Saridewi အမှုသည် ဥပဒေနှင့်အညီ တိတိကျကျ ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသော ပြစ်မှုသည် မူးယစ်ဆေးဝါး ကျူးလွန်သူများသာမက ၎င်းတို့၏ မိသားစုများကိုပါ ထိခိုက်နစ်နာ စေသည့် ကြီးလေးသော ရာဇဝတ်မှုဖြစ်ကြောင်း CNB မှ ပြောကြားခဲ့သည်။

သေဒဏ်ကို ဥရောပမှာ လုံးဝနီးပါး ပိတ်ပင်ထားသော်လည်း အာရှပစိဖိတ်ဒေသမှာ ပို၍ အသုံးပြုလေ့ရှိပါသည်။ နိုင်ငံသားနှင့်နိုင်ငံရေး အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR)အရ သေဒဏ်ကို ခွင့်ပြုထားသည်။ သို့သော် ICCPR ၏ အပိုဒ် ၆ တွင် ကြီးလေးသောပြစ်ဒဏ်ကို အပြင်းထန်ဆုံးသော ရာဇဝတ်မှုများအတွက်သာ အသုံးပြုရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.jurist.org/news/2023/07/singapore-executes-first-woman-in-20-years-for-drug-trafficking-conviction/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၂) ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၄ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

